# နိုင်ငံတော်ရှေ့နေချုပ်အက်ဥပဒေ။

[ ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆။] ( ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်။)

နိုင်ငံတော်ရှေ့နေချုပ်၏ ရာထူးနှင့်စပ်လျဉ်း၍ အချို့ကိစ္စများတွင် တရားဥပဒေဖြင့် စည်းမျဉ်း သတ်မှတ်ရန် လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ နိုင်ငံတော် ရှေ့နေချုပ်အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစတင်၍ အာဏာတည် သည်ဟု မှတ်ယူရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် 'နိုင်ငံတော်ရှေ့နေချုပ်ဌာန' ဟူ၍ခေါ်တွင်မည့် ဌာနတခုရှိရမည်။ ထိုဌာနတွင် နိုင်ငံတော်ရှေ့နေချုပ်၊ လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော်သမတက ခန့်အပ်သည့် အခြားဥပဒေအရာရှိများနှင့် ဥပဒေရေးဆွဲရေးအရာရှိများ ပါဝင်ရမည်။

၃။ ။မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်သောသူ မဟုတ်လျှင်၊ သို့တည်း မဟုတ်လျှင် ထိုသူအား နိုင်ငံတော်ရှေ့နေချုပ်၏ ရာထူး၌သော်၎င်း၊ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ်၏ ရာထူး၌သော်၎င်း၊ ခန့်ထားခြင်းမပြုရ။

၄။ ။ နိုင်ငံတော်ရှေ့နေချုပ်သည်-

(က) နိုင်ငံတော်သမတက မိမိအားမေးမြန်းသော၊ သို့တည်းမဟုတ် လွှဲအပ်သော ဥပဒေနှင့် သက်ဆိုင်သည့်ကိစ္စများ အားလုံးတွင် တာဝန်နှင့်ဝတ်တရားများကို ဆောင်ရွက်ရမည်။ ထို့ပြင် ထိုကဲ့သို့သော ဥပဒေနှင့်ဆိုင်သည့် အခြားတာဝန် ဝတ်တရားများကိုလည်းဆောင်ရွက်ရမည်။

(ခ) အမှုသည်အဖြစ်ဖြင့် ပြည်ထောင်စုအစိုးရပါဝင်နေသော ရာဇဝတ်မှု၌ ဖြစ်စေ တရားမမှု၌ ဖြစ်စေ၊ ညွှန်ကြားရမည်။

(ဂ) လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်၊ အစိုးရလွှတ်တော်ရှေ့နေများ၊ ဥပဒေ ရေးဆွဲရေး အရာရှိများနှင့် အစိုးရရှေ့နေများ ခန့်ထားရေးတွင် နိုင်ငံတော် အစိုးရအားအကြံဉာဏ် ပေးရမည်။

(ဃ) ပြည်ထောင်စုအစိုးရကဖြစ်စေ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးကဖြစ်စေ မိမိထံသို့ ထင်မြင်ချက်ပေးရန် ပေးပို့သော တရားဥပဒေနှင့်သက်ဆိုင်သည့်ကိစ္စများတွင် အကြံဉာဏ်ပေး ရမည်။

( င) တည်ဆဲတရားဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သော နည်းဥပဒေများအရ ဖြစ်စေ၊ မိမိအား အပ်နှင်းသောအာဏာများကို၊ သို့တည်းမဟုတ် ချထားသော အခြားတာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

၅။ ။နိုင်ငံတော်ရှေ့နေချုပ်သည်-

(က) မည်သည့်တရားရုံးတော်၌မဆို၊ သို့တည်းမဟုတ် မည်သည့်တရားခုံတော်၌ မဆို၊ အစိုးရအား တရားစွဲဆိုသောသူအတွက် အမှုလိုက်လဲဆောင်ရွက်ခြင်း၊ အကြံဉာဏ်ပေးခြင်း မပြုရ။

(ခ) မိမိ၏ထင်မြင်ချက်တွင် အစိုးရက အကြံဉာဏ်ကို တောင်းဆိုရန် အကြောင်းရှိသောကိစ္စများနှင့်စပ်လျဉ်း၍ မည်သူတဦးတယောက်အားမျှ ဥပဒေနှင့်သက်ဆိုင်သော အကြံဉာဏ်ကို မပေးရ။

(ဂ) နိုင်ငံတော်သမတထံမှ စာဖြင့်ရေးသော သဘောတူညီချက်ကို မရရှိဘဲ၊ စီးပွါးရေးလုပ်ငန်းတခုခုတွင် စပ်တူ (ပါတနာ) တဦးအဖြစ် ပါဝင်ခြင်း၊ သို့တည်းမဟုတ် ကုမ္ပဏီတခုခုတွင် ဒါရိုက်တာ လူကြီးအဖြစ်ကိုလက်ခံခြင်းမပြုရ။

၆။ ။နိုင်ငံတော်ရှေ့နေချုပ်၏လစဉ်လစာငွေမှာ နှစ်ထောင့်ငါးရာ (၂,၅၀၀) ဖြစ်သည်။

၇။ ။နိုင်ငံတော်ရှေ့နေချုပ်သည်၊ မိမိ၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရာတွင်၊ ခရီးသွားလာရခြင်းအတွက် ခရီးစရိတ်များနှင့်နေ့တွက်စရိတ်များကို [၁][လွှတ်တော်တရားဝန်ကြီး တဦး] ရရှိသည့်နှုန်းအတိုင်းရခွင့်ရှိရမည်။ ထို့ပြင်တည်ဆဲဥပဒေအရ၊ ပါလီမန်အမတ်များ စရိတ်ကြေးငွေရသည့်နည်းတူ၊ နိုင်ငံတော်ရှေ့နေချုပ်သည်လည်း၊ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်ကို တက်ရောက်ရသောအခါ၌ဖြစ်စေ၊ လွှတ်တော်တရပ်ရပ်၏ ကော်မီတီအစည်းအဝေးကို တက်ရောက်ရသောအခါ၌ဖြစ်စေ စရိတ်ကြေးငွေရခွင့်ရှိရမည်။

၈။ ။နိုင်ငံတော်ရှေ့နေချုပ်ရာထူး၌ ထမ်းရွက်နေသည်ဖြစ်သောကြောင့်၊ ထိုသို့ထမ်းရွက်နေသောသူတွင်၊ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏၊ သို့တည်းမဟုတ် တိုင်းပြည်ပြုလွှတ်တော်၏ အမတ်အဖြစ်ဖြင့်အရွေးခံရန်သော်၎င်း ထိုကဲ့သို့သောအမတ်အဖြစ်ဖြင့် တည်နေရန်သော်၎င်း အရည်အချင်း ပျက်ယွင်းခြင်းမရှိစေရ။

၉။ ။နိုင်ငံတော်သမတသည် ဤအက်ဥပဒေရှိပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန် လိုအပ် သောနည်းဥပဒေများကိုပြုနိုင်သည်။

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄ အရ အစားထည့်သွင်းသည်။

၁၀။[၂] ။ဤအက်ဥပဒေဖြင့်၊ သို့တည်းမဟုတ် အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်ဖြင့်၊ နိုင်ငံတော်ရှေ့ နေချုပ်အားဆောင်ရွက်ရန်အပ်နှင်းထားသည့်၊ သို့တည်းမဟုတ် နိုင်ငံတော်ရှေ့နေချုပ် ဆောင်ရွက်ရန်လိုအပ်သည့်အလုပ်သည် အလုပ်ဝတ်တရားများကို၊ နိုင်ငံတော်ရှေ့နေချုပ်ရာထူး လစ်လပ်လျှင်သော်၎င်း၊ နိုင်ငံတော်ရှေ့နေချုပ် အလုပ်ခွင်၌မရှိသောကြောင့်၊ သို့တည်းမဟုတ် မကျန်း မမာသောကြောင့်၊ မဆောင်ရွက်နိုင်လျှင်သော်၎င်း၊ ခေတ္တနိုင်ငံတော်ရှေ့နေချုပ်က ဆောင်ရွက် နိုင်သည်။

================================

[၂] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄ အရ အစားထည့်သွင်းသည်။